# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 3, 2020 Volume 33, Number 3


၃.၇.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၃ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၉၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၈/- ကျပ် |
| CBM Rate | = ၁၃၆၉.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၉.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၂.၂၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၀၆.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၇၄.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၅၀.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၃.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၄၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၉.၅၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၀၂၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ အာဏာစတင်သက်ရောက်



သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေသည် ဇူလိုင် ၁ ရက်မှစတင်၍ အာဏာတည်စေရမည် ဟု ဇူလိုင် ၁ ရက်တွင် နိုင်ငံတော် သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၀) ထုတ်ပြန်ခဲ့သည်။ သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေသည် ၂၀၁၉ နှစ်ကုန်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်၌ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်သည်။ အဆိုပါဥပဒေအာဏာသက်ရောက်ရန် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြေညာစာထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဥပဒေအား ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို အထောက်အကူဖြစ်စေရန်နှင့် သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းထုတ်လုပ်သူများ ထိခိုက်နစ်နာမှုများဖြစ်ပေါ်လာပါက စီမံကြပ်မတ်နိုင်ရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဥပဒေအား ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို အထောက်အကူ ဖြစ်စေရန်နှင့် သွင်းကုန်ပမာဏ မြင့်တက်ခြင်းကြောင့် ပြည်တွင်းထုတ်လုပ်သူများ ထိခိုက်နစ်နာမှုများဖြစ်ပေါ်လာပါက စီမံကြပ်မတ်နိုင်ရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

ယင်းဥပဒေဖြင့် ပြည်တွင်းအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ပိုမိုကာကွယ်ပေးလာနိုင်ရန်မျှော်လင့်ပြီး လိုအပ်သည်ထက် ပိုမိုတင်သွင်းနေသော သွင်းကုန်အမယ်များကို ထိန်းချုပ်လာနိုင်ရန်မျှော်လင့်သည်ဟု မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌဦးအောင်သိန်းကပြောသည်။ သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်မှုကို ထိခိုက်နစ်နာမှု ရှိ၊ မရှိကို မြင့်တက်လာသည့် သွင်းကုန်ပမာဏနှင့် နှုန်းထား၊ ပမာဏမြင့်တက်ဝင်ရောက်သည့် သွင်းကုန်၏ ပြည်တွင်းဈေးကွက်ဝေစု၊ ရောင်းချမှု၊ ထုတ်လုပ်မှုနှင့်ထုတ်လုပ်နိုင်စွမ်း အခြေအနေအပြောင်းအလဲ၊ အမြတ်နှင့်အရှုံးအခြေအနေနှင့် အလုပ်သမားခန့်ထားမှု ပြောင်းလဲလာခြင်းစသည့် အချက်အလက်များကို အခြေခံ၍ စိစစ်မည်ဖြစ်သည်။

သွင်းကုန်မြင့်တက်ခြင်းကြောင့် ပြည်တွင်းကုန်စည်များကို ထိခိုက်နစ်နာမှု ဖြစ်ပေါ်လာလျှင် ကာကွယ်ပေးမှု အစီအမံကျင့်သုံးမည်ဖြစ်သည်။ အဆိုပါအစီအမံတွင် ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း၊ သွင်းကုန်ပမာဏကန့်သတ်ခြင်းတို့ ပါဝင်သည်။ **Source:** https://myanmar.mmtimes.com/news/140942.html

## ဗဟိုဘဏ်က ဒေါ်လာ ၁၀ သန်းကျော်ဝယ်ယူပြီးနောက် ဒေါ်လာတန်ဖိုးပြန်တက်

ဗဟိုဘဏ်က နှစ်ရက်အတွင်း ဒေါ်လာ ၁၀ သန်းကျော်ဝယ်ယူပြီးနောက် ပြည်တွင်း ငွေကြေးဈေးကွက်တွင် ဒေါ်လာ တန်ဖိုး ပြန်လည်မြင့်တက်လာသည်။ ဇူလိုင် ၂ ရက်တွင် တစ်ဒေါ်လာ ၁,၃၇၂ ကျပ် ဈေးဖွင့်ပြီး ယင်းနေ့တွင် ဗဟိုဘဏ်က ငွေကြေး ဈေးကွက်မှ ဒေါ်လာ ၇ ဒသမ ၇ သန်းကို ဝယ်ယူလိုက်သည်။ ၎င်းပမာဏသည် ယခုနှစ်အတွင်းဗဟိုဘဏ်က ဒုတိယ အကြိမ်အများဆုံး ဝယ်ယူခြင်းဖြစ်သည်။ ဇူလိုင် ၁ ရက်တွင်လည်း ဗဟိုဘဏ်က ငွေကြေးဈေးကွက်မှ ဒေါ်လာ ၃ ဒသမ ၈ သန်း ဝယ်ယူခဲ့သည်။ ပြီးခဲ့သည့် မတ်လအတွင်းဒေါ်လာတန်ဖိုး ဆက်တိုက်ကျဆင်းပြီး တစ်ဒေါ်လာ ၁,၃၂၀ ကျပ်သို့ ရောက်ရှိချိန်တွင် ဗဟိုဘဏ်က တစ်ရက်အတွင်း ဒေါ်လာကိုးသန်းဝယ်ယူခဲ့သည်။ ထိုကဲ့သို့ ဝယ်ယူမှုနောက်ပိုင်း ဒေါ်လာတန်ဖိုး ပြန်လည် မြင့်တက်ခဲ့သည်။

ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းချိန် ဗဟိုဘဏ်ကဝင်ရောက်ဝယ်ယူခြင်းက တန်ဖိုး တည်ငြိမ် စေရန် ဆောင်ရွက်ခြင်းဖြစ်သည်ဟု စတုတ္ထတစ်နှစ်တာ အစိုးရလုပ်ဆောင်ချက်များ သတင်းစာရှင်းလင်းပွဲတွင် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းကပြောသည်။ ပြီးခဲ့သည့် ဇွန်လအတွင်းဗဟိုဘဏ်က ပြည်တွင်း ငွေကြေးဈေးကွက်မှ ဒေါ်လာ ၃၈ သန်း ကျော်ကို ဝယ်ယူခဲ့သည်။ ဗဟိုဘဏ်၏ ဒေါ်လာတိုးမြှင့်ဝယ်ယူပေးခြင်းကြောင့် ဇူလိုင် ၂ ရက် အမေရိကန်ဒေါ်လာတန်ဖိုးသည် နံနက် ဈေးကွက်ဖွင့်ချိန်တွင် ၁,၃၅၈ ကျပ်ဝန်းကျင်ဖြင့် စတင်ခဲ့သော်လည်း ညနေတွင် ၁,၃၇၂ ကျပ်သို့ ပြန်လည်မြင့်တက် ခဲ့သည်။ အချိန်ပိုင်းအတွင်း အမေရိကန်ဒေါ်လာတန်ဖိုးက ၁ ရာခိုင်နှုန်းကျော် ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

ဒေါ်လာတန်ဖိုးကျဆင်းမှုက လက်ရှိအချိန်တွင်းရပ်တန့်ပြီး ပြန်လည်မြင့်တက်နိုင်သည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။ ဗဟိုဘဏ်က ဒေါ်လာအဝယ်မြင့်သကဲ့သို့ ပြည်ပငွေလွှဲပေးပို့မှုများလည်းများလာသဖြင့် ပြည်တွင်းဈေးမြင့် တက်ခြင်းဖြစ်သည်ဟု ပြင်ပငွေလွှဲပေးပို့သူအချို့ကပြောသည်။ သို့သော် မြန်မာနိုင်ငံတွင် COVID-19 ကြောင့် ပြည်တွင်း ဝယ်လိုအားနည်းပြီး ပြည်ပမှလူသုံးကုန်ပစ္စည်းတင်သွင်းမှုက လျော့နည်းနေသည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကဆိုသည်။

Source: https://7day.news/detail?id=190993

## မကွေးတိုင်းရှိ ရပ်ရွာအခြေပြုခရီးစဉ်များအား ပြည်တွင်းခရီးသွားများအတွက်ဖွင့်လှစ်မည်

ကမ္ဘာလှည့်ခရီးသွားများ အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် ရပ်ရွာအခြေပြု ခရီးစဉ်များကို ပြည်တွင်းခရီးသွားများ အတွက် ရည်ရွယ်၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မကွေးတိုင်း) ဦးစီးမှူး ဦးမြင့်စိန်ကပြောသည်။ မကွေးတိုင်းဒေသကြီးရှိ မြိုင်နှင့်မကျည်းကန် ရပ်ရွာအခြေပြုခရီးစဉ်များကို ဇူလိုင်မှစဖွင့်မည်ဖြစ်ပြီး ယင်းခရီးတွင် အစားအသောက်ဝန်ဆောင်မှုများမှအစ ပြည်တွင်းခရီးသွားများအတွက် ရည်ရွယ်လုပ်ဆောင်နေကြောင်း ၎င်းက ပြောသည်။

ပြည်ပနိုင်ငံမှ ခရီးသွားဝင်ရောက်မှုသည် ဆက်လက်ကြန့်ကြာနိုင်သဖြင့် ဒေသအတွင်းရှိ အလုပ်အကိုင်များအဆင်ပြေ စေရန် ပြည်တွင်းခရီးသွားများနှင့်အတူ ရပ်ရွာအခြေပြုခရီးစဉ်များကို ပြန်လည်ဖွင့်လှစ်ရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဦးမြင့်စိန်ကပြောသည်။ မကျည်းကန်ခရီးစဉ်တွင် စလေရုပ်စုံကျောင်း၊ ရှင်ပင်စာကြို ဘုရားအနီးအနားရှိ ဦးပုည စာကြည့်တိုက်နှင့် ကိုလိုနီခေတ်အဆောက်အအုံများကို လေ့လာနိုင်သည်။ မြိုင်ခရီးစဉ်တွင် ကျေးလက်ဒေသလူမှုဘဝနှင့် ဒေသတွင်းရှိ စိုက်ခင်းများကို လေ့လာနိုင်မည်ဖြစ်သည်။ "မြိုင်တို့၊ မကျည်းကန်တို့ဆိုတာ တစ်လကို နိုင်ငံခြားသားခရီးသွား ၁၀၀ လောက် ဈေးကွက်ရှိနေခဲ့တဲ့နေရာတွေပါ။ အခု ပြည်တွင်းခရီးသွားကို ရည်ရွယ်မယ်ဆိုတော့ ဈေးကတော့အရနည်းသွား ပါမယ်။ ဒါပေမဲ့ ဝန်ဆောင်မှုအပိုင်းမှာ အစားအသောက်ကအစ ဥပမာ ပေါင်မုန့်တွေနေရာမှာ ထမင်းကို ပြောင်းသွားတာမျိုးတွေ လုပ်ရမှာပါ"ဟု ၎င်းကပြောသည်။ မကွေးတိုင်းတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာ ၅၀ ခန့်ရှိသည့်အနက် ၄၀ ကျော် ပြန်ဖွင့် ထားသည်။

လက်ရှိအချိန်တွင် ဒေသတွင်း၌ ခရီးသွားအများအပြားဝင်ရောက်လေ့ရှိသည့် ဘုရားကျောင်းကန်များကို ဝင်ရောက် လည်ပတ်ခွင့် ဆက်လက်ပိတ်ပင်ထားသော်လည်း ရပ်ရွာအခြေပြုခရီးစဉ်ကိုမူ ဖွင့်လှစ်ရန်ခွင့်ပြုထားပြီးဖြစ်ကြောင်း ဦးမြင့်စိန်က ပြောသည်။

**Source:** https://7day.news/detail?id=190970

## နှမ်းဈေးများကျနေခြင်းကြောင့် စိုက်ပျိုးစရိတ်ပြန်မရမည်ကို တောင်သူများစိုးရိမ်




မင်းဘူးမြို့နယ်အတွင်း ရေသွင်းစိုက်ပျိုးထားသော နွေနှမ်းများ ဇူလိုင်လအတွင်း ရိတ်သိမ်းရတော့မည်ဖြစ်ပြီး လက်ရှိတွင်နှမ်းဈေးများ အဆမတန်ထိုးကျနေသောကြောင့် စိုက်ပျိုးစရိတ်အရင်းပင် ပြန်မရမည်ကို စိုးရိမ်နေရကြောင်း ဒေသခံတောင်သူများကပြောသည်။

၂၀၁၉ ခုနှစ်က စမုန်နက်နှမ်းတစ်တင်းလျှင် ကျပ်ရှစ်သောင်းကျော်မှ ကိုးသောင်းအထိ ဈေးပေါက်ခဲ့သော်လည်း ယခုနှစ်တွင်မူ တစ်တင်းလျှင် ကျပ်ငါးသောင်းခန့်သာရှိတော့သည်။ ထို့အတူ အခြားနှမ်းအဖြူနှင့် အနီတို့မှာလည်း ယခင်နှစ်က တစ်တင်းလျှင် ကျပ်ငါးသောင်းမှ ခြောက်သောင်းအထိ ရှိခဲ့သော်လည်း လက်ရှိတွင်မူ ကျပ်လေးသောင်းကျော်သာ ရှိတော့သည့်အတွက် တောင်သူများ စိုးရိမ်နေခြင်းဖြစ်သည်။ "ကျွန်တော်တို့ တောင်သူလုပ်ရတာ အခက်အခဲက အလုပ်သမားခတော့ တစ်နှစ်ထက်တစ်နှစ် ဈေးမြင့်လာတယ်။ တောင်သူဖြစ်တဲ့ ကျွန်တော်တို့သီးနှံက တဖြည်းဖြည်း ဈေးကျလိုက်နေတာ။ အလုပ်သမားနဲ့ တောင်သူသုံး ပစ္စည်းရှားပါးမှု၊ ဈေးကြီးမှုတို့၊ ပိုးသတ်ဆေးဆိုရင်လည်း တစ်နှစ်ထက်တစ်နှစ် ဈေးနှုန်းမြင့်တက်လာပြီး သီးနှံရောင်းဈေးက ဈေးတက်မလာတော့ တောင်သူတွေအဖို့တော့ အခက်အခဲရှိပါတယ်။ နှမ်းတစ်ဧက ထွန်ရှင်းခ၊ လုပ်အားခနဲ့ သွင်းအားစုကုန်ကျစရိတ်တွေက ယာတစ်ဧက ကျပ်လေးသိန်းခန့်အထိ ကုန်ကျစရိတ်ရှိတာကြောင့် ဒီနှမ်းက ဈေးအကျနဲ့သာရောင်းရရင် တောင်သူတွေမှာ အရင်းအနှီးပြန်ရဖို့ ခဲယဉ်းနေပါတယ်"ဟု မင်းဘူးမြို့နယ်၊ ရွာသာယာကျေးရွာက တောင်သူဦးလှအောင်ကပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း ရေသွင်းစိုက်ပျိုးထားသောနှမ်းများမှာ ဧပြီလအတွင်းက စိုက်ပျိုးခဲ့ခြင်းဖြစ်၍ နှမ်း၏သက်တမ်းရက် ၉၀ တွင် ရိတ်သိမ်းရမည်ဖြစ်၍ ဇူလိုင်လတွင် ရိတ်သိမ်းရမည်ဖြစ်သည်။ မေလအတွင်း စိုက်ပျိုးထားသောနှမ်းများမှာ သြဂုတ်လနှင့် စက်တင်ဘာလဆန်းအတွင်း ရိတ်သိမ်းမည်ဖြစ်ကြောင်းသိရသည်။ ကမ်းနီကျေးရွာက တောင်သူဦးခင်မောင်စိုးက မြစ်ရေတင်ပြီးစိုက်ပျိုးတဲ့အပိုင်းကတော့ ဒီနှစ်ပိုင်းမှာကောင်းမွန်ပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ပျိုးမှုအပိုင်းမှာ ထွက်အောင်လုပ်နိုင်ပေမယ့် သီးနှံရောင်းတဲ့အချိန်မှာ ဈေးကွက်အကျိုးအမြတ်မရှိတဲ့အတွက် အရင်းလောက်ပဲရပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ နှမ်းဈေး ကျပ်ရှစ်သောင်းကနေ ကိုးသောင်းအထိရပြီး ကိုဗစ်ရောဂါဖြစ်လာရာက ဈေးကွက်ကစားနေတော့ ဒီနှစ်မှာ နှမ်းဈေးက ကျပ်လေးသောင်းခွဲကနေ ငါးသောင်းလောက်ပဲ ပေါက်ပါတယ်။ တောင်သူတွေမှာ သီးနှံထွက်အောင် လုပ်နိုင်ပေမယ့်လည်း အကျိုးအမြတ်ကျ မခံစားရပါဘူး။ တောင်သူတွေ စိုက်ပျိုးတဲ့သီးနှံတွေ အရှုံးမရှိအောင် သီးနှံဈေးကွက်ကို အစိုးရအနေနဲ့ နှမ်းဈေးကို ကျပ်ခြောက်သောင်းဝန်းကျင်၊ ကျပ်ခုနစ်သောင်းဝန်းကျင်လောက် သတ်မှတ်ပေးနိုင်ရင်တော့အဆင်ပြေမှာပါ"ဟု ပြောသည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးလင်းမြတ်က "ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနအနေနဲ့လည်းနှမ်းပေါ်ချိန် ဈေးကွက်မပွင့်မှာ စိုးရိမ်မိတာရှိပါတယ်။ ဒါကြောင့်လည်း ကုန်သည်တွေ၊ ကုမ္ပဏီတွေနဲ့ ဈေးကွက်ချဲ့ထွင်နေသလို ဈေးကွက်ချိတ်ဆက်မှုတွေ ဆောင်ရွက်နေပါတယ်။ ကုန်သည်တွေနဲ့ တောင်သူတွေကို ချိတ်ဆက်ပေးပြီး တောင်သူတွေဆီ အရောက်သွားဝယ်တဲ့စနစ်တွေဆောင်ရွက်ဖို့ အစီအစဉ်ဆွဲထားတာတွေရှိပါတယ်" ဟု ပြောသည်။ မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၈ –၂၀၁၉ ဘဏ္ဍာနှစ်က နှမ်းသီးနှံလျာထား စိုက်ပျိုးဧကပေါင်း ၁၀ သိန်းကျော်ရှိခဲ့ပြီး ယခု မိုးရာသီကာလတွင် ဧက ၁၁ သိန်းကျော်အထိ စိုက်ပျိုးရန်လျာထားကြောင်းသိရသည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်

http://htwettoe.com/article-details/news/9593560

## ရတနာနယ်မြေအသီးသီးရှိ ကျောက်စိမ်းရိုင်းထုတ်လုပ်မှု ယာယီရပ်နားရန်ညွှန်ကြားချက်ထုတ်



မိုးရာသီကာလ ၃ လတာအတွင်း နိုင်ငံအတွင်းရှိ ကျောက်စိမ်း၊ ကျောက်မျက်ရတနာနယ်မြေအသီးသီးမှ ကျောက်စိမ်းရိုင်းတူးဖော် ထုတ်လုပ်မှုလုပ်ငန်းများ ယာယီဆိုင်းထားရန် သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းက ညွှန်ကြားချက်ထုတ်ပြန်သည်။

လုံးခင်း၊ ဖားကန့်ရတနာမြေ၊ ခန္တီးရတနာမြေနှင့် မော်လူး၊ မော်ဟန် ရတနာမြေများ၌ ကျောက်စိမ်းရိုင်းတူးဖော်၊ ထုတ်လုပ်မှုလုပ်ငန်းများအား ဇူလိုင် ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ယာယီရပ်ဆိုင်းထားရန် ဇူလိုင် ၁ ရက်စွဲဖြင့် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ကချင်ပြည်နယ်၊ ဖားကန့်ဒေသတွင် ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းများ၌ ယခုလက်ရှိတွင် နွံကန်ကျိုးပေါက်ခြင်း၊ မြေပြိုခြင်းတို့ကြောင့် လူသေဆုံးမှုများ၊ စက်ယန္တရားနှင့် လူနေအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ သို့ဖြစ်ရာ ကျောက်မျက်ရတနာ နည်းဥပဒေမထွက်သေးမီ ကချင်ပြည်နယ်၊ ဖားကန့် ဒေသ၌ မလိုလားအပ်သော ပြဿနာများမဖြစ်ပွားစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မိုးရာသီကာလ အတွင်း ကျောက်စိမ်းရိုင်းတူးဖော်မှုလုပ်ငန်းများကို သင့်လျော်သည့်အချိန်ကာလတစ်ခု သတ်မှတ်ရပ်နားသင့်ကြောင်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရှိသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက အကြံပြုခဲ့သည်ဟုသိရသည်။

ယခု မိုးရာသီ ၃ လတာ ကာလအတွင်း ကျောက်စိမ်းတူးဖော်ထုတ်လုပ်သောလုပ်ငန်းများကို လုံးဝခွင့်မပြုပဲ ရပ်ဆိုင်းထားရန်၊ ခေတ္တရပ်ဆိုင်းထားစဉ်ကာလအတွင်း အန္တရာယ်ဖြစ်နိုင်သောလုပ်ကွက်များနှင့် မြေပြင်အခြေအနေများအား ကြည့်ရှုစစ်ဆေး၍ ကြိုတင်ကာကွယ်မှုအစီအမံများ ဆောင်ရွက်ထားရန်အချက်များပါဝင်သည်။ ထို့ပြင် မိုးရာသီကာလအတွင်းတွင် ကျောက်စိမ်းရိုင်းများ တူးဖော်ထုတ်လုပ်ရန်အတွက် မြေစာများစွန့်ပစ်စုပုံခြင်းကြောင့် မြေစာပုံများ ပြိုဆင်းလျှောကျနိုင်ခြင်း၊ မြေစာများချောင်းများအတွင်းသို့စီးဝင်နိုင်ခြင်း၊ စက်ယန္တရားနှင့်မြေသယ်ယာဉ်များထိခိုက်ခြင်း၊ တိမ်းမှောက်ခြင်းနှင့်အများပြည်သူများ ထိခိုက်ခြင်းစသည့် အန္တရာယ်များဖြစ်ပေါ်လာနိုင်သည်ဟု သက်ဆိုင်ရာကော်မတီများကထောက်ပြခဲ့သည်။ ထိုသို့ ရပ်နားစဉ်ကာလအတွင်း ကျောက်မျက်ရတနာတူးဖော်ခြင်း(ခေါင်းပေါင်းမြေစာဖယ်ရှားခြင်း၊ ကျောက်စိမ်းရိုင်းပါ မြေစာများ စုပုံခြင်း) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း(ကျောက်စိမ်းရိုင်းပါ မြေစာများအနက် ကျောက်စိမ်းရိုင်းများအား အခြောက်နည်းဖြင့် ရှာဖွေခြင်း၊ရေပန်းထိုးရှာဖွေခြင်း) များဆောင်ရွက်ခြင်းမပြုရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း၏ ညွှန်ကြားချက်တွင်ပါဝင်သည်။ ကျောက်စိမ်းရိုင်းတူးဖော်ထားသည့် ကျောက်ကြောပါမြေစာပုံများအနက်မှ ကျောက်စိမ်းရိုင်း ရှာဖွေခြင်းကို ယာယီရပ်နားခြင်းမပြုမီ ပြီးစီးအောင်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်နိုင်ခြင်းမရှိပါက ကျောက်စိမ်းရိုင်းပါ မြေစာပုံများအား ခိုင်ခံ့သောခြံစည်းရိုးများကာရံ၍ လုံခြုံစွာရှိနိုင်ရေးဆောင်ရွက်ရန်ဖြစ်သည်။

ယာယီရပ်နားခြင်းမပြုမီ ထုတ်လုပ်ရရှိသော ကျောက်စိမ်းရိုင်းများကို တန်ဖိုးဖြတ်၊ရတနာခွန်ပေးဆောင်ပြီး မှတ်ပုံတင်၍ နေပြည်တော်သို့ သယ်ဆောင်ထိန်းသိမ်းထားရှိနိုင်ရေးအတွက်ဆောင်ရွက်ရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် ယာယီရပ်နား ကာလအတွင်း တန်ဖိုးဖြတ်ခြင်း၊မှတ်ပုံတင်ခြင်းနှင့် သယ်ဆောင်ခြင်းများ ဆောင်ရွက်လိုပါက ဆောင်ရွက်လိုသည့် ကျောက်စိမ်းရိုင်း အရေအတွက်၊အလေးချိန်စာရင်းခန့်မှန်းကို သက်ဆိုင်ရာကျောက်စိမ်းတူးဖော်ရေးဌာန စခန်းရုံးများသို့ကြိုတင်ပေးပို့ တင်ပြရမည်ဟုသိရသည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ သတ်မှတ်ထုတ်ပြန်ထားသော ညွှန်ကြားချက် များ တိကျစွာလိုက်နာဆောင်ရွက်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဟုသိရသည်။

**Source:** https://myanmar.mmtimes.com/news/140925.html

**The Myanmar Times**

## ရန်ကုန်မြို့ လက်ကားဈေးကြီးတွေက ဆိုင်ခန်းတွေ ငှားရမ်းမှုနည်း



ရန်ကုန်မြို့ရှိ လက်ကားဈေးတွေမှာ ငှားဖို့ထားတဲ့ဆိုင်ခန်းတွေ ပေါက်ဈေးထက် လျှော့ပြီးငှားရမ်းနေပေမယ့် ငှားရမ်းမှုနည်းနေသေးတယ်လို့ လက်ကားဈေးတွေမှာ ဆိုင်ဖွင့်ထားသူတွေဆီက သိရပါတယ်။ " အရင်ကယုဇနပလာဇာဆိုရင် ဆိုင်ခန်းနေရာလွတ်တာနဲ့ ငှားမယ့်သူတွေ တန်းစီနေတာ ၊ ခုဆိုင်ခန်းတွေ လွတ်နေတာ သကြံန်မတိုင်ခင်ကတည်းက၊ ခုထိအခန်းတွေလွတ်နေတာတွေ အများကြီးရှိနေတယ်၊ တစ်ချို့အခန်းတွေဆို ပေါက်ဈေးထက် ၁ သိန်းနီးပါး လျှော့ပေးတာတောင် ယူမယ့်သူမရှိကြဘူး"လို့ ယုဇနပလာဇာမှာအထည်ဆိုင်ဖွင့်ထားတဲ့ မချိုမာကပြောပါတယ်။

မြန်မာနိုင်ငံမှာ ကိုဗစ်(၁၉)ရောဂါပိုးစတွေ့ချိန် မတ်လကတည်းက ရှော့ပင်းစင်တာကြီးတွေကဆိုင်ခန်းတွေကို ပိုင်ရှင်တွေက လက်ရှိငှားရမ်းခပေါက်ဈေးထက် ၁၅ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိလျှော့ပေးတာတွေ ပြုလုပ်ကြဖူးပါတယ်။ လက်ရှိအချိန်မှာ အရောင်းအဝယ်တွေက ပါး၊ ငွေကြေးမလည်ပတ်ကြလို့ လက်ကားဈေးတွေမှာရှိတဲ့အချို့ဆိုင်တွေက ဆိုင်ခွဲတွေကိုပိတ်ထားတာ၊ ဆိုင်ခွဲအရေအတွက်တွေလျှော့ချထားတာ၊ ဆိုင်ခန်းအများကြီးမဖွင့်တော့ဘဲ တစ်နေရာတည်းမှာပဲ ရောင်းချတာမျိုးတွေလုပ်နေကြတယ်လို့ ဆိုင်ရှင်အချို့ကပြောပါတယ်။

ဗိုလ်ချုပ်ဈေးနဲ့ ဗိုလ်ချုပ်ဈေးသစ်ကြီးက အချို့ဆိုင်ခန်းလွတ်တွေမှာလဲ လတ်တလောကာလမှာ ငှားမယ့်သူတွေကိုသာ မျှော်နေတဲ့အနေအထားနဲ့ ပေါက်ဈေးထက်လျှော့ပေးနေတာမျိုးတွေရှိနေတယ်လို့ ဆိုင်ခန်းပိုင်ရှင်တစ်ဦးကပြောပါတယ်။ သူက "ဒီဈေးက နိုင်ငံခြားသားဧည့်သည်တွေကို မျှော်ပြီးရောင်းရတဲ့ဈေး ၊ ဒီကာလ ပြင်ပဧည့်သည်တွေလဲမဝင်၊ ပြည်တွင်းဧည့်သည်တွေလည်းမလာဆိုတော့ ဈေးလဲအရောင်းပါးသလို၊ ရောင်းနေတဲ့သူအချို့ကလဲ ဆိုင်ခန်းငှားခလေးကာမိအောင် လာဖွင့်နေကြသူများတယ်၊ အန်တီပိုင်တဲ့ ဆိုင်ခန်း ၃ ခန်းလုံးကို တစ်လ ၅ သောင်းစီလျှော့ပေးထားရတယ်၊ အချို့တွေကဆိုင်ခန်းပြန်အပ်တာတွေပါရှိနေတယ်၊ လွတ်နေတဲ့ဆိုင်ခန်းတွေလဲ မေးသူတောင်မရှိဘူး"လို့ပြောပါတယ်။

**Source:** https://www.kumudranews.com/news-38100

## ကမ္ဘာ့နိုင်ငံတွေကြား Travel Bubbles အစီအစဉ်တွေ အကောင်အထည်ဖော်နေ



စီးပွားရေးလုပ်ငန်းရှင် ကက်သရင်းတော့ခ်ဟာ စင်ကာပူနိုင်ငံကို အားလပ်ရက် ခရီးခြောက်ကြိမ်ကနေ ရှစ်ကြိမ်လောက်အထိ ခရီးထွက်လေ့ရှိပါတယ်။ ဒါပေမယ့် အခုတော့ သူမရဲ့ ခရီးတွေသွားဖို့ စိတ်အား ထက်သန်မှုတွေဟာ ပြီးဆုံးသွားပါပြီ။ အနည်းဆုံးတော့ ကိုဗစ်ကာကွယ်ဆေးပေါ်ချိန် အထိပေါ့။ ဒါပေမယ့် ကိုဗစ် ကာကွယ်ဆေးကလည်း အလှမ်းကွာတဲ့ မျှော်လင့်ချက်တစ်ခု ဖြစ်နေပါသေးတယ်။ ကျွမ်းကျင်သူတွေက ကမ္ဘာတစ်ဝန်းကာကွယ်ဆေးရရှိဖို့ တစ်နှစ်ခန့် ကြာမယ်လို့လည်း ခန့်မှန်းထားပါတယ်။ ကက်သရင်းတော့ခ် (၃၁ နှစ်) လို အခြားသူတွေရဲ့ အပျော်ရွှင်ဆုံးနေ့ရက်တွေလည်း ကွယ်ပျောက်နေကြပါတယ်။ ဒါပေမယ့် ကမ္ဘာ့နိုင်ငံတွေကြား Travel bubbles ဆိုတဲ့ စိတ်ကူးစိတ်သန်းတစ်ခုလည်း ထွက်ပေါ် လာနေပါတယ်။ Travel bubbles ဆိုတာကတော့ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံကြား စည်းကမ်းသတ်မှတ်ချက်တွေ သဘောတူညီကြပြီး ပြည်သူတွေ နိုင်ငံဝင်ပေါက်ကို လွတ်လွတ်လပ်လပ် ဖြတ်သန်းသွားလာခွင့်ပြုကြတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ထက် ကမ္ဘာလှည့်ခရီးသွားကဏ္ဍကို ပြန်လည်စတင်ပြီး နိုင်ငံ့စီးပွားရေးကိုမြှင့်တင်တာ ပိုကောင်းတယ်ဆိုတဲ့နိုင်ငံတွေကြား Bubbles ဆိုတဲ့စကားဟာ ရေပန်းစားနေပါတယ်။ တောင်ကိုရီးယားနဲ့တရုတ်နိုင်ငံတို့ဟာလည်း Travel bubbles အစီအစဉ်လိုပဲ မေလ ၁ရက်နေ့မှာ တောင်ကိုရီးယားနဲ့တရုတ်နိုင်ငံ ဒေသ ၁၀ ခုက စီးပွားရေးကိစ္စနဲ့ ခရီးသွားမယ့်သူတွေကို အပြန်အလှန်ခွင့်ပြုတဲ့ အစီအစဉ်တစ်ခုကိုစတင်ခဲ့ပါတယ်။ ဒါပေမယ့် ခရီးသွားမယ့်သူတွေအနေနဲ့ ထွက်ခွာချိန်ရော

ရောက်ရှိချိန်မှာပါ ကိုရိုနာဗိုင်းရပ်စ်ပိုးရှိမရှိ စစ်ဆေးကြရမှာဖြစ်မှာဖြစ်ပြီး နဂ္ဂတစ်ပြမှာသာခွင့်ပြုတာဖြစ်ပါတယ်။

အက်စ်တိုးနီးယား၊ လတ်ဗီးယား၊ လစ်သူယေးနီးယား နိုင်ငံသုံးနိုင်ငံကလည်း Travel bubbles အစီအစဉ်တစ်ခုကို မေလ ၁၅ ရက်နေ့မှာ စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ စင်ကာပူနဲ့ကနေဒါ၊ ဩစတြေးလျားနဲ့ပစိဖိတ်ကျွန်းနိုင်ငံတွေလည်း စီစဉ်နေကြပါတယ်။ နန်ယန်းနည်းပညာတက္ကသိုလ်က ကမ္ဘာလှည့်ခရီးသွားကျွမ်းကျင်သူ ဝေါင်ကင်းယင်က "နိုင်ငံတိုင်းက သူတို့စီးပွားရေးကိုမြှင့်တင်ဖို့ နိုင်ငံ့ဝင်ပေါက်တွေကို ဖွင့်ရမယ်ဆိုတာသိကြပါတယ်၊ ဒါပေမယ့် ဗိုင်းရပ်ကူးစက်မှုက ဒုတိယလှိုင်း၊ တတိယလှိုင်းဆိုတာတွေရှိနေသေးတော့ အားလုံးတစ်ဆင့်ချင်းသွားဖို့တော့လိုမယ်"လို့ဆိုပါတယ်။

စင်ကာပူ၊ဩစတြေးလျား၊ကနေဒါ၊တောင်ကိုရီးယားနဲ့နယူးဇီလန် နိုင်ငံတွေဟာ မသွားမဖြစ် သွားဖို့လိုအပ်နေတဲ့ စီးပွားရေးကိစ္စနဲ့သွားမယ့်သူတွေအတွက် နိုင်ငံ့ဝင်ပေါက်တွေကို ဖွင့်လှစ်ပေးဖို့ လုပ်ဆောင်နေကြပါပြီ။ အားလပ်ရက်အပန်းဖြေခရီးစဉ်တွေကိုတော့ နောက်မှ ရက်သတ်မှတ်ပေးမှာဖြစ်ပါတယ်။ ဒီနိုင်ငံတွေဟာ ဗိုင်းရပ်စ်စစ်ဆေးမှုနဲ့ ထိတွေ့သူတွေကို ခြေရာခံရှာဖွေတဲ့ ကျန်းမာရေးစံချိန်စံနှုန်း ယုံကြည်စိတ်ချရတဲ့ အလေးဂရုပြုတဲ့နိုင်ငံတွေဖြစ်ကြပါတယ်။ နိုင်ငံတိုင်းဟာ ခရီးသွားကဏ္ဍပြန်လည်ဖွင့်လှစ်နိုင် သတိကြီးကြီးထား ပြောဆိုဆွေးနွေးနေကြပါတယ်။ ဒါကလည်း အံ့ဩစရာတော့မဟုတ်ပါဘူး၊ ခရီးသွားကဏ္ဍဟာ အာရှရဲ့စီးပွားရေးကို ကြီးကြီးမားမားအထောက်အပံ့ဖြစ်စေခဲ့တာ နှစ်ပေါင်းကြာပါပြီ။ ၂၀၁၈ ခုနှစ်မှာ စင်ကာပူဟာ နိုင်ငံဂျီဒီပီရဲ့ ၅.၅ ရာခိုင်နှုန်းကို ခရီးသွားကဏ္ဍကနေရရှိခဲ့တာဖြစ်ပြီး၊ မလေးရှားက ၅.၈ ရာခိုင်နှုန်းနဲ့ ဗီယက်နမ်က ၁၁ ရာခိုင်နှုန်းကျော်ရရှိခဲ့ပါတယ်။ ကမ္ဘောဒီးယားက ၁၇.၈ ရာခိုင်နှုန်းရရှိခဲ့သလို အင်ဒိုနီးရှားဘာလီကျွန်းကို အင်ဒိုနီးရှားပြည်သူ ၇၀ ရာခိုင်နှုန်းကျော်က မှီခိုနေကြရပါတယ်။

**Source: south china post, 2020**

https://www.kumudranews.com/news-38099

## ရခိုင်ကမ်းလွန်မှာ အိန္ဒိယရေနံကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှုဒေါ်လာ သန်း ၁၂၀ ကျော် ထပ်တိုး



မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ရေနံနှင့်သဘာဝဓါတ်ငွေ့ လုပ်ကွက်တွေဖြစ်တဲ့ဘလော့ခ်အေ-ဝမ်းနဲ့ အေ-သရီး(Block A-1, A-3) တို့မှာ နောက်ထပ် ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာသန်း ၁၂၁.၂၇ ကို အိန္ဒိယအစိုးရက ခွင့်ပြုလိုက်ပါတယ်။ သည်အကြောင်းကို သည်ဒေးလီးစတား ၊ ဘစ်ဇနက်စတင်းဒက်နဲ့ သည်ဟင်ဒူဘစ်ဇနက်လိုင်း အွန်လိုင်းစာမျက်နှာတွေမှာ ရေးသားဖော်ပြထားတာတွေ့ရတယ်။

အိန္ဒိယနိုင်ငံပိုင်ရေနံနဲ့သဘာဝဓါတ်ငွေ့ကုမ္ပဏီ ONGC Videsh Ltd ဟာ မြန်မာနိုင်ငံရခိုင်ကမ်းလွန်က 'ရွှေ ရေနံနှင့်သဘာဝဓါတ်ငွေ့စီမံကိန်း' မှာ ၂၀၀၂ ခုနှစ်ကတည်းကရင်းနှီးမြှုပ်နှံလုပ်ကိုင်နေတာပါ။ ၂၀၁၉ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာ ၇၂၂ သန်းဖြစ်ပါတယ်။ အခုထပ်မံတိုးမြှင့်တဲ့ရင်းနှီးမြှုပ်နှံမှုဒေါ်လာသန်း ၁၂၁. ၂၇ ကိုတော့ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့(ဇွန်လ ၂၄ ရက်) မှာ ခွင့်ပြုလိုက်တာပါ။

ONGC ကုမ္ပဏီဟာ ရွှေစီမံကိန်းစီက သဘာဝဓါတ်ငွေ့ကို ပထမဆုံးအနေနဲ့ ၂၀၁၃ခုနှစ် ဇူလိုင်လမှာရရှိခဲ့ပါတယ်။ ကုန်းပြင်မြင့်ကထုတ်လုပ်မှုကိုတော့ ၂၀၁၄ခုနှစ် ဒီဇင်ဘာလမှာရရှိခဲ့ပါတယ်။၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ သည်စီမံကိန်းရဲ့ ငွေကြေးစီဆင်းမှုဟာ ကောင်းမွန်ခဲ့တယ်လို့ဆိုပါတယ်။

ရေနံနဲ့သဘာဝဓါတ်ငွေ့ရှာဖွေ တူးဖော်ထုတ်လုပ်ရေးမှာ အိမ်နီးချင်းနိုင်ငံတွေနဲ့အတူ အိန္ဒိယရဲ့ပါဝင်မှုဟာ အရှေ့မျှော်မူဝါဒရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်သလို စွမ်းအင်ကဏ္ဍမှာတံတားတစ်ခုအဖြစ်ကြိုးပမ်းအားထုတ်မှုလည်းဖြစ်တယ်လို့ တရားဝင်ထုတ်ပြန်ချက်တစ်ခုကဆိုပါတယ်။

**Source:** https://www.kumudranews.com/news-38105

## COVID-19 ကြောင့် ထိုင်းခရီးသွားလုပ်ငန်း ကန်ဒေါ်လာ ၄၇ ဘီလီယံအထိ ဆုံးရှုံး



COVID-19 ကန့်သတ်ချက်များကြောင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ထရီလီယံအထိ ကျဆင်းဖွယ်ရှိသည်ဟု ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သော ကုလသမဂ္ဂ သုတေသနစာတမ်း တစ်စောင်အရ သိရသည်။ ယင်းတွင် ထိုင်းနိုင်ငံသည် ဒေါ်လာ ၄၇ ဘီလီယံအထိ ဆုံးရှုံးသည် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ညီလာခံမှ ထုတ်ပြန်သော 'COVID-19 နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ'ဆိုသည့် အစီရင်ခံစာ စာတမ်းတွင် ဖော်ပြထားသည်။

ခရီးသွားလုပ်ငန်းကဏ္ဍအတွက် သုတေသနပြုရာတွင် လော့ဒေါင်းလုပ်ငန်းစဉ်များ လေးလ၊ ရှစ်လနှင့် ၁၂ လတာ ချမှတ်ခြင်း သုံးရပ်အပေါ် မူတည်ကာ ယင်းစာတမ်းက ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်သည်။ ထိုသို့ ခန့်မှန်းရာ၌ လေးလတာ အတွက် ဒေါ်လာ ၁ ဒသမ ၁၇ ထရီလီယံ၊ ရှစ်လတာအတွက် ဒေါ်လာ ၂ ဒသမ ၂၂ ထရီလီယံနှင့် ၁၂ လတာအတွက် ဒေါ်လာ ၃ ဒသမ ၃ ထရီလီယံ ဆုံးရှုံးမည် သို့မဟုတ် ကမ္ဘာ့ဂျီဒီပီ၏ ၁ ဒသမ ၅ မှ ၄ ဒသမ ၂ ရာခိုင်နှုန်း ဆုံးရှုံးမည်ဟုဆိုထားသည်။ မည်သည့် ကာလတာအတွက်ဆုံးရှုံးမှုက အဖြစ်နိုင်ဆုံးဆိုသည်ကို အစီရင်ခံစာ၌ မဖော်ပြထားသော်လည်း ကုလသမဂ္ဂ တာဝန်ရှိသူများက ရှစ်လတာအတွက် ခန့်မှန်းချက်က အဖြစ်နိုင်ဆုံးဟုပြောကြသည်။ "နိုင်ငံတကာ ခရီးသွားလုပ်ငန်းဟာ ရပ်တန့်သလောက်နီးပါးမှာရှိတယ်။ နိုင်ငံတော်တော်များများမှာ လော့ဒေါင်းချထားတဲ့ အခြေအနေတွေကြောင့် ပြည်တွင်း ခရီးသွားလုပ်ငန်းတွေလည်း တန့်နေတယ်"ဟု ယင်းကဖော်ပြသည်။ "တစ်ချို့နိုင်ငံတွေမှာတော့ တစ်ဖြည်းဖြည်းနဲ့ ပြန်ဖွင့်တာတွေရှိပေမယ့် တော်တော်များများက နိုင်ငံတကာခရီးသွားဧည့်သည်တွေကိုလက်ခံဖို့ စိုးရိမ်ပူပန်နေတယ်"ဟုလည်း ဆိုသည်။

ထိုင်းနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည် ခရီးသွားကဏ္ဍမှဝင်ငွေ ဒေါ်လာ ၄၇ ဘီလီယံစီဆုံးရှုံးနိုင်သည်ဟု ယင်းအစီရင်ခံစာ၌ ဖော်ပြထားသည်။ ခန့်မှန်းချက်၌ အမေရိကန်နိုင်ငံသည် အဆိုးဆုံးဆုံးရှုံးမှုဖြစ်ပြီး လေးလတာအတွက် ဒေါ်လာ ၁၈၇ ဘီလီယံ ဆုံးရှုံးနိုင်ကာ ယင်းနောက်တွင် တရုတ်နိုင်ငံက ဒေါ်လာ ၁၀၅ ဘီလီယံ ဆုံးရှုံးနိုင်သည်ဟုဖော်ပြထားသည်။

**Source:** http://www.mizzimaburmese.com/article/71185

## ဗီယက်နမ်မှ ဆန်အရောင်းအာမခံချက်ရ၍ ဖိလစ်ပိုင်ဆန်အဝယ်တင်ဒါရပ်ဆိုင်း

ဗီယက်နမ်နိုင်ငံမှဆန်အရောင်းအာမခံချက်ရရှိသဖြင့် ဖိလစ်ပိုင်ကတင်ဒါစနစ်ဖြင့် ဆန်တင်သွင်းမည့်အစီအစဉ်ကို ရပ်ဆိုင်း လိုက်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ ပြည်ပမှတင်ဒါစနစ်ဖြင့် ဆန်တင်သွင်းမည့် အစီအစဉ်ကို လက်ရှိတွင်ရပ်နားထားသည်ဟု ဖိလစ်ပိုင်အစိုးရက ဆန်စပါးအသင်းချုပ်ထံ တရားဝင်စာပို့ထားကြောင်း ၎င်းက ဆိုသည်။ ''ကျွန်တော်တို့က ဘာမှပြောလို့မရဘူး။ တင်ဒါ စည်းမျဉ်း၊ စည်းကမ်းအရ ကြိုက်တဲ့အချိန်မှာ ဝယ်နိုင်သလို ဝယ်ယူရေး လုပ်ငန်းစဉ်ကို ရပ်နိုင်တယ်ဆိုတာလည်း စည်းမျဉ်းထဲမှာပါပြီးသားပဲ''ဟု ဦးရဲမင်းအောင်ကပြောသည်။ ဖိလစ်ပိုင်သည် နှစ်စဉ် ပြည်ပမှ ဆန်တန်ချိန်တစ်သန်းနှင့်အထက် တင်သွင်းနေရသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဖိလစ်ပိုင်အစိုးရ၏ တင်ဒါခေါ်ယူပြီး ဆန်ဝယ်မည့်အစီအစဉ်သည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းလိုအပ်ချက်နှင့် ဘတ်ဂျက် သုံးစွဲမည့် အပိုင်းတွင် ရှုပ်ထွေးမှုများရှိခဲ့ခြင်းကြောင့် တင်ဒါကိုပယ်ဖျက်ကြောင်း ဖိလစ်ပိုင်လွှတ်လပ်သော လယ်သမားများအဖွဲ့ က ဖွန်လ ၁၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ COVID-19 ရောဂါကြောင့် ပြီးခဲ့သည့်ဧပြီက ဗီယက်နမ်အစိုး ရသည် ပြည်ပ ဆန်ရောင်းချမှုကို ရပ်ဆိုင်းလိုက်၍ ဖိလစ်ပိုင်အစိုးရက ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် တင်ဒါခေါ်ယူပြီး ဆန်တင်သွင်း ရန်စီစဉ်ခြင်းဖြစ်သည်။လက်ရှိ အစိုးရချင်းသဘောတူညီမှုဖြင့် ဖိလစ်ပိုင်သို့ ဆန်မရောင်းနိုင်သော်လည်း ပုဂ္ဂလိကကဏ္ဍမှ ယခု ဘဏ္ဍာနှစ် ကိုးလကျော်အတွင်း တန်ချိန်ကိုးသောင်းနီးပါး ရောင်းချထားသည်။ ပြီးခဲ့သည့် မေလကုန်ပိုင်းတွင် ဖိလစ်ပိုင် အစိုးရ က ဆန်တန်ချိန်သုံးသိန်းကို တင်ဒါစနစ်ဖြင့်ဝယ်ယူရန် မြန်မာအပါအဝင် ပြည်ပသို့ဆန်တင်ပို့နေသည့်နိုင်ငံများအား ကမ်းလှမ်း ခဲ့သည်။

မြန်မာနိုင်ငံကလည်း ဖိလစ်ပိုင်အစိုးရ၏ ဆန်တင်ဒါကို တန်ချိန်ခုနစ်သောင်းခွဲ ဝင်ရောက်ယှဉ်ပြိုင်ပြီး ရာနှုန်းပြည့် အောင်မြင်ခဲ့သည်။ ဗီယက်နမ်နိုင်ငံက တန်ချိန်သုံးသောင်းကျော် တင်ဒါအောင်မြင်ထားသည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန် အများဆုံးတင်ပို့နေသည့်နိုင်ငံများတွင် ဖိလစ်ပိုင်က စတုတ္ထအဆင့်တွင်ရှိနေသည်။ တရုတ်နိုင်ငံက ပထမအဆင့်တွင်ရှိနေပြီး ယခုဘဏ္ဍာနှစ် ကိုးလကျော်အ တွင်း ပြည်ပတင်ပို့မှုစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကျော်ကို ဈေးကွက်ဝေစုရယူထားသည်။

တရုတ်နိုင်ငံသို့ ဆန်တန်ချိန် လေးသိန်းသုံးသောင်းကျော် တင် ပို့ထားပြီး မြန်မာနိုင်ငံမှ ပြည်ပဆန်ရောင်းချမှု ဒုတိယ အများဆုံး မာဒါဂါးစကားနိုင်ငံသို့ ဆန်တန်ချိန် တစ်သိန်းနှစ်သောင်းတင်ပို့ထားသည်။ မလေးရှားက တတိယအများဆုံးနိုင်ငံ ဖြစ်သည်။ ၂၀၁၉-၂၀ ဘဏ္ဍာနှစ် ဇွန် လ ၁၉ ရက်အထိ မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန်နှစ်သန်းကျော် တင်ပို့ ရောင်းချ ပြီး အမေရိကန်ဒေါ်လာ သန်း ၆၂၀ ကျော်ရရှိထားသည်။

**Source:** https://7day.news/detail?id=190991

## Nissan ကုမ္ပဏီက ပြုပြင်ပြောင်းလဲသွားမည့် အစီအစဉ်များကို ရှယ်ယာဝင်များအားရှင်းလင်းခဲ့

ကိုရိုနာကပ်ရောဂါအကျပ်အတည်းကြားတွင် ရုန်းကန်နေရသည့် ဂျပန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအနက် တစ်ခု အပါအဝင်ဖြစ်သည့် Nissan မော်တော်ကားကုမ္ပဏီသည် ၎င်း၏လုပ်ငန်းအကျိုးအမြတ်များ ပြန်လည်ရရှိရန် ကုမ္ပဏီ၏ဖွဲ့စည်းပုံ အပိုင်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Uchida Makota က ဇွန်လကုန်၌ ယိုကိုဟားမားရှိ ကုမ္ပဏီရုံးချုပ်တွင်ပြုလုပ်ခဲ့သည့် ရှယ်ယာရှင်များအစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သိရပါသည်။

ပြီးခဲ့သည့် ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း Nissan မော်တော်ကားကုမ္ပဏီသည် အသားတင်အရှုံး အမေရိကန်ဒေါ်လာ ၆.၂ ဘီလီယံကျော်ခန့် ရှိခဲ့သည့်အတွက် ရှယ်ယာဝင်များကို အစုရှယ်ယာများပေါ်မှရရှိမည့် အမြတ်ငွေပေးချေမှုအား ဖျက်သိမ်း ခဲ့ရသည့်အတွက် အမှုဆောင် အရာရှိချုပ်ဖြစ်သူ Mr. Uchida က တောင်းပန်ခဲ့ပါသည်။

ယခုနှစ်အတွက် ပြုပြင်ပြောင်းလဲမှုအတွက် ဆောင်ရွက်မည့် မဟာဗျူဟာတွင် မော်တော်ကား ထုတ်လုပ်မှုပမာဏကို ၂၀ % လျှော့ချသွားမည်ဖြစ်ပါကြောင်း၊ ကုမ္ပဏီ၏ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များသည် အခက်အခဲများရှိနိုင် သော်လည်း တိုးတက်မှုရှိသည့်လမ်းကြောင်းပေါ်သို့ရောက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း Mr. Uchida က ကတိပြုပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## တရုတ်ကုမ္ပဏီများမှ ထုတ်လုပ်သည့် မိုဘိုင်းအက်ပ်များအား သုံးစွဲမှုမပြုစေရန် အိန္ဒိယအစိုးရက တားမြစ်ပိတ်ပင်ခြင်း

နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ကာကွယ်ရေး၊ လုံခြုံရေးနှင့် ပြည်သူများ ၏ ပုဂ္ဂိုလ်ရေးလုံခြုံမှုတို့ကို ထိခိုက်မှုမှ ကာကွယ်တားဆီးရန်အလို့ငှာ သတင်းအချက်အလက်နည်းပညာ အက်ဥပဒေပုဒ်မ ၆၉(က) ၏ အခွင့်အာဏာကို ကျင့်သုံးလျက် မိုဘိုင်းဖုန်းနှင့်မိုဘိုင်းဖုန်းမဟုတ်သော အင်တာနက်ဆက်သွယ်ရေးကိရိယာများတွင် ထည့်သွင်းအသုံးပြုနိုင်သည့် မိုဘိုင်းအက်ပ်ဆော့ဖ်ဝဲ ၅၉ ခုအား ပြည်တွင်း၌ သုံးစွဲမှုမရှိစေရေး တားမြစ်ပိတ်ပင်လိုက်ကြောင်း အိန္ဒိယနိုင်ငံအစိုးရ၊ သတင်း အချက်အလက်နှင့်နည်းပညာဝန်ကြီးဌာနက ၂၉.၆.၂၀၂၀ နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် Android နှင့် iOS မိုဘိုင်းဖုန်းများ၌ ထည့်သွင်းအသုံးပြုရသည့် အချို့သော မိုဘိုင်းအက်ပ်ဆော့ဖ်ဝဲများသည် သုံးစွဲသူ၏ခွင့်ပြုချက်မရှိပဲ သတင်းအချက်အလက်များအား ပြည်ပအင်တာနက်ဆာဗာများသို့ ပေးပို့မှုများရှိနေသည်ဟု တိုင်ကြားမှုများစွာကို အိန္ဒိယနိုင်ငံ ဆိုင်ဘာရာဇဝတ်မှု ပေါင်းစပ်ညှိနှိုင်းရေးဗဟိုဌာန၊ ကွန်ပြူတာ အရေးပေါ် တုန့်ပြန်ဆောင်ရွက်မှုအဖွဲ့ (CERT-IN) နှင့် သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာနတို့က လက်ခံရရှိခဲ့ ကြောင်း၊ ထိုသို့ သတင်းအချက်အလက်များနှင့်ပုဂ္ဂိုလ်ရေး လုံခြုံမှုမရှိသည့်အပေါ် ပြည်သူများမှစိုးရိမ်မှုများ တိုးပွားလျက်ရှိပြီး နိုင်ငံ၏ လုံခြုံရေး၊ ကာကွယ်ရေးနှင့် အချုပ်အခြာအာဏာအား ထိပါးမှုများဖြစ်ပေါ်လာနိုင်သဖြင့် ယင်းသို့သော မိုဘိုင်းအက်ပ်

များအား ပြည်တွင်း၌သုံးစွဲခွင့်မပြုရန် အိန္ဒိယအစိုးရအနေဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းဖော်ပြပါရှိသည်။

ယခုတားမြစ်ပိတ်ပင်လိုက်သော မိုဘိုင်းအက်ပ်များတွင် TikTok, WeChat, Weibo, Helo, UC Browser, CM Browser, UC News, Club factory, Clash of Kings, Mobile Legends, Cam Scanner, Clean Master – Cheetah Mobile စသည့်ဖြင့် တရုတ်နိုင်ငံအခြေစိုက်ကုမ္ပဏီများက ထုတ်လုပ်သည့် ဖျော်ဖြေမှု၊ လူမှုကွန်ယက်ဆက်သွယ်မှု၊ သတင်းအချက်အလက်ရှာဖွေမှု၊ သတင်းတင်ဆက်မှု၊ အီးကော့မာစ်ရောင်းဝယ်မှု၊ အင်တာနက်ဂိမ်းများနှင့် မိုဘိုင်းဖုန်းများအတွက် အခြားအသုံးတည့် ဆော့ဖ်ဝဲများ ပါဝင်ကြောင်းတွေ့ရှိရသည်။

အဆိုပါ မိုဘိုင်းအက်ပ် ၅၉ ခု၏ သတင်းအချက်အလက်မျှဝေမှု အလေ့အထများအား လေ့လာစိစစ်ရန် အိန္ဒိယအစိုးရက ဖွဲ့စည်းထားသည့် စုံစမ်းစစ်ဆေးရေးကော်မတီက ၁.၇.၂၀၂၀ နေ့၌ ပထမအကြိမ်အစည်းအဝေးကျင်းပပြီး သတင်း အချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ကြေညာချက်အား အတည်ပြုခဲ့ကြောင်း၊ အဆိုပါကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးမတိုင်မီကာလအတွင်း တားမြစ်ပိတ်ပင်ခံရသည့် မိုဘိုင်းအက်ပ်များ၏ ကိုယ်စားလှယ်များကိုခေါ်ယူ၍ ၎င်းတို့၏ရပ်တည်ချက်သဘောထားများအား မေးမြန်းဆွေးနွေးဖွယ်ရာရှိကြောင်းဖြင့် အစိုးရဌာနဆိုင်ရာ အရာရှိတစ်ဦး၏ ပြောဆိုမှုအား Economic Times သတင်းဌာနက ရေးသားဖော်ပြပါသည်။

တရုတ်မိုဘိုင်းအက်ပ် ကုမ္ပဏီများအနေဖြင့် ယခုကဲ့သို့ အစိုးရ၏ဆောင်ရွက်ချက်အပေါ် တရားရင်ဆိုင်ဖွယ်ရှိကြောင်း အိန္ဒိယသတင်းဌာနများက ရေးသားဖော်ပြလျက်ရှိကြသော်လည်း အိန္ဒိယရှိ TikTok မိုဘိုင်းအက်ပ်ကုမ္ပဏီက အစိုးရ၏ ညွှန်ကြားချက်အပေါ် မည်သည့်တရားစွဲဆိုမှုကိုမျှ ပြုလုပ်မည်မဟုတ်ကြောင်း၊ ၎င်းတို့အနေဖြင့် လက်ရှိအခြေအနေအပေါ် တုန့်ပြန် ရှင်း လင်းချက်ပေးနိုင်ရန်တွက် အစိုးရဌာနဆိုင်ရာများနှင့်တွေ့ဆုံရန် ဖိတ်ကြားမှုကို လက်ခံရရှိထား ပြီးဖြစ်ကြောင်း၊ TikTok သည် အိန္ဒိယအစိုးရက ချမှတ်ထားသည့် ပုဂ္ဂိုလ်ရေးနှင့် သတင်းအချက်အလက်လုံခြုံမှုဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂.၇.၂၀၂၀ နေ့၌ သတင်းထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံ၊ ဘီကင်းမြို့ အခြေစိုက် Byte-Dance ကုမ္ပဏီမှထုတ်လုပ်သည့် TikTok ရုပ်သံဖျော်ဖြေရေးမိုဘိုင်းအက်ပ်သည် လက်ရှိကာလတွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ အသုံးပြုသူလူဦးရေ သန်း ၂၀၀ ခန့် ဈေးကွက်ရရှိထားသည်။

ထိုသို့ အိန္ဒိယအစိုးရက ကြေညာချက်ထုတ်ပြန်ခဲ့ပြီး နောက်တစ်ရက်တွင် TikTok အပါအဝင် အဆိုပါ မိုဘိုင်းအက်ပ် ၅၉ ခုမှာ အိန္ဒိယနိုင်ငံအင်တာနက်ကွန်ယက်၌ Google Play store နှင့် Apple App store တို့မှ ဖယ်ရှားခြင်းခံခဲ့ရသည်။ လေ့လာဆန်းစစ်သူများက အိန္ဒိယအစိုးရ၏ ယခုဆောင်ရွက်ချက်သည် တရုတ်နိုင်ငံ၏ ဒီဂျစ်တယ်ပိုးလမ်းမကြီးတည်ထောင်ရန် ရည်မှန်းချက်ကိုလွှင့်ပါးသွားစေပြီး အိန္ဒိယဈေးကွက်ကို အမှီပြုလျက်ရှိသော တရုတ်မိုဘိုင်းအက်ပ် ကုမ္ပဏီများအား အထိနာစေခဲ့ကြောင်း၊ တစ်ဖက်တွင် အမျိုးသားလုံခြုံရေးအရ အရေးယူဆောင်ရွက်သည့်ဆုံးဖြတ်ချက်ကို ဥပဒေကြောင်းအရ တရားရင်ဆိုင်ရန်ဆိုသည်မှာ ခက်ခဲသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ သို့ရာတွင် တရုတ်ကုမ္ပဏီများ၏ ဈေးကွက်နေရာတွင် အိန္ဒိယမိုဘိုင်းအက်ပကုမ္ပဏီများက အစားထိုးနေရာယူနိုင်မည် သို့မဟုတ် အမေရိကန်ကုမ္ပဏီများကဲ့သို့ အခြားပြင်ပမှဈေးကွက်ဝေစုအား ရယူသွားမည်ဆိုသည်ကို စောင့်ကြည့်ရန်လိုအပ်ကြောင်း ပြောဆိုလျက်ရှိကြသည်။

InMobi, ShareChat, Bolo Indya စသည့် ပြည်တွင်းရှိ အိန္ဒိယမိုဘိုင်းအက်ပ်လုပ်ငန်းများက အစိုးရ၏ ဆောင်ရွက်ချက်မှာ ၎င်းတို့အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောဆိုလျက် ဝမ်းပန်းတသာကြိုဆိုခဲ့ကြကြောင်း သိရှိရပါသည်။

Source:
1. Press Release of Ministry of Electronics & IT: Government Bans 59 mobile apps which are prejudicial to sovereignty and integrity of India, defence of India, security of state and public order, 29 Jun 2020, Press Information Bureau of India
2. Government panel in first meeting ratifies Chinese app ban, 2 Jul 2020, Economic Times
3. Not going to legally challenge the ban order: TikTok, 2 Jul 2020, Economic Times
4. 59 Chinese apps India banned deleted from Google Play store, App store, 3 Jul 2020, Indian Express
5. India bans 59 Chinese apps including TikTok, Helo, WeChat, 3 Jul 2020, Economic Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**


## တရုတ်၏ ၂၀၂၀ခုနှစ်အတွက် ရင်းနှီးမြှုပ်နှံမှုကန့်သတ်စာရင်းအသစ်က တံခါးပိုမိုဖွင့်ပေးသွားမည့် လက္ခဏာများပြသနေ

၂၀၂၀ ခုနှစ်၊ ဇွန်လ (၂၃)ရက်နေ့တွင် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အမျိုးသား ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင်တို့က ၎င်းနေ့မှစ၍ အသက်ဝင်လာမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန့်သတ်စာရင်းအသစ်ကိုထုတ်ပြန်ခဲ့ပါသည်။ ၎င်းစာရင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်နိုင်ရေးအတွက် ဖြေလျှော့ပေးလာသည့်ကဏ္ဍများ ပါဝင်ပါသည်။

ကန့်သတ်စာရင်းနှစ်ရပ်တို့မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရေးအပေါ် အထူးစီမံခန့်ခွဲရေးဆောင်ရွက်မှုများ (နိုင်ငံတော်အဆင့် ကန့်သတ်စာရင်း-၂၀၂၀)နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရေးအပေါ် လွတ်လပ်သည့် ကုန်သွယ်ရေးဇုန်(FTZ) အထူးစီမံခန့်ခွဲရေးဆောင်ရွက်မှုများ (FTZ ကန့်သတ်စာရင်း-၂၀၂၀)တို့ဖြစ်ကြပြီး၊ (၂၀၁၉) ခုနှစ်က ထုတ်ပြန်ခဲ့သော စာရင်းများကို အစားထိုးလိုက်ခြင်းဖြစ်ပါသည်။ ဤကန့်သတ်စာရင်းနှစ်ရပ်တို့က တားမြစ်ထားသည့် (သို့မဟုတ်) ကန့်သတ်ထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်သောလုပ်ငန်းများကို စာရင်းပြုစုထားခြင်းဖြစ်ပါသည်။

ဤကဲ့သို့ ကန့်သတ်စာရင်းများ ထုတ်ပြန်လာသည်မှာ လေးနှစ်ရှိလာပြီဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန် အကန့်အသတ်ရှိနေသည့်ကဏ္ဍများအပေါ် ဆက်တိုက်လျှော့ချမှုများ ပြုလုပ်လာခြင်းဖြစ်ပါသည်။

၂၀၁၉ ခုနှစ်က ကန့်သတ်စာရင်းနှင့်နှိုင်းယှဉ်ပါက ၂၀၂၀ ခုနှစ်၌ထုတ်ပြန်သော နိုင်ငံအဆင့်ကန့်သတ်စာရင်း အသစ်တွင် ယခင်ကန့်သတ်ချက်စာရင်းတွင်ပါဝင်သည့် ကန့်သတ်ချက်အခု(၄၀)မှ (၃၃)ခုသို့ (၁၇.၅) ရာခိုင်နှုန်း လျှော့ချထား သည်ကို တွေ့ရပါသည်။ ၂၀၂၀ FTZ ကန့်သတ်စာရင်းတွင်လည်း ယခင်ကန့်သတ်ချက် (၃၇)ခုမှ အခု(၃၀)သို့ (၁၈.၉)ရာခိုင်နှုန်း ဖြေလျှော့ပေးထားသည်ကို အောက်ဖော်ပြပါပုံအရ တွေ့ရပါသည် -




### ဝန်ဆောင်မှုကဏ္ဍ

၂၀၂၀ နိုင်ငံတော်အဆင့် ကန့်သတ်စာရင်းအသစ်က ဝန်ဆောင်မှုလုပ်ငန်းများတွင် ထပ်မံဖွင့်လှစ်ပေးမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်ထားပုံရပါသည်။

ဘဏ္ဍာရေးကဏ္ဍတွင် လုံခြုံရေးကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေစီမံခန့်ခွဲ ရေးကုမ္ပဏီများ၏ လုံခြုံမှုအာမခံများ၊ ကြိုရောင်းကြိုဝယ်ကုမ္ပဏီများနှင့် အသက်အာမခံကုမ္ပဏီများအား ပိုင်ဆိုင်မှုအပေါ် ကန့်သတ်ထားခြင်းကိုယခုပယ်ဖျက်ပေးလိုက်ပါသည်။

ထို့ပြင် နိုင်ငံခြားမတည်ငွေရင်း အစုရှယ်ယာအချိုးအပေါ် ကန့်သတ်ထားချက်အားလုံးအား တည်ထောင်ခဲ့သည့် အချိန်ဇယားအရ ဖယ်ရှားပေးလာပါသည်။ ၂၀၂၀ခုနှစ်မှာ တရုတ်၏ ဘဏ္ဍာရေးကဏ္ဍအား အပြည့်အဝဖွင့်လှစ်ပေးလိုက်သည့်

ပထမဆုံးနှစ်ဖြစ်လာပါသည်။ ဤကဲ့သို့ပြုလုပ်ခြင်းမှာ အမေရိကန်နှင့်အပေးအယူတစ်ခုပြုလုပ်ထားသည့် တရုတ်၏ကတိကဝတ်နှင့် ညီညွတ်စွာ ဆောင်ရွက်ခြင်းလည်းဖြစ်ပါသည်။

အခြေခံအဆောက်အအုံကဏ္ဍတွင် လူဦးရေ(၅)သိန်းရှိသည့် မြို့တော်အတွင်း မြို့ပြရေပေးဝေရေးနှင့် ရေဆိုးပိုက်လိုင်းကွန်ယက်တို့အား တည်ဆောက်လည်ပတ်ရာ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား ကန့်သတ်ထားခြင်းမရှိတော့ဘဲ ၊ ၎င်းထက်ပိုမိုကြီးမားသည့် မြို့တော်များတွင်မူ တရုတ်လူမျိုးကသာ ထိန်းချုပ်ရပါမည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လေကြောင်းအဝင်အထွက် ထိန်းချုပ်ရေးစနစ်များ၌ ရင်းနှီးမြှုပ်နှံမှုကန့်သတ်ထားခြင်းအား ပယ်ဖျက်ပေးလိုက်ပြီဖြစ်ပါသည်။

**စက်မှုကုန်ထုတ်လုပ်ရေးနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ**

နိုင်ငံတော်အဆင့်ကန့်သတ်စာရင်းအသစ်က တရုတ်နိုင်ငံ၏ စက်မှုကုန်ထုတ်ကဏ္ဍနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ကန့်သတ်ထားသည်ကိုလည်း ထပ်မံဖြေလျှော့ပေးလာသည်ကိုတွေ့ရပါသည်။

စက်မှုကုန်ထုတ်ကဏ္ဍတွင် စီးပွားဖြစ်မော်တော်ယာဉ်ထုတ်လုပ်ရာ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ အစုရှယ်ယာအချိုးအပေါ် ကန့်သတ်ထားချက်အား ဖြေလျှော့ပေးလာပါသည်။ ထို့ပြင် နယူကလီးယားလောင်စာထုတ်လုပ်မှုနှင့် ရေဒီယိုသတ္တိကြွတွင်းထွက်များ ပြုပြင်ထုတ်လုပ်ရေး၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ်တားမြစ်ထားသည့် စီမံဆောင်ရွက်မှုများကိုလည်း ဖြေလျှော့ပေးလာပါသည်။

စိုက်ပျိုးရေးနယ်ပယ်တွင် ဂျုံမျိုးကွဲအသစ်များ ရွေးချယ်ခြင်းနှင့်မျိုးပွားခြင်း၊ မျိုးစေ့များထုတ်လုပ်ခြင်းတို့အပေါ် တရုတ်ဘက်မှ ထိန်းချုပ်ထားရန် လိုအပ်ချက်အား ဖြေလျှော့ပေးလိုက်ပါသည်။ သို့ရာတွင် တရုတ်ဘက်မှ အစုရှယ်ယာအချိုးပိုင်ဆိုင်မှုမှာ (၃၄) ရာခိုင်နှုန်းအောက်မနည်းစေရဟု သတ်မှတ်ထားပါသည်။

**လွတ်လပ်သည့်ကုန်သွယ်ရေးဇုန် (FTZ) များတွင် တံခါးထပ်မံဖွင့်ပေးမှုများ**

နိုင်ငံအဆင့် တံခါးဖွင့်ပေးသည့်စီမံဆောင်ရွက်မှုများအပေါ်အခြေခံ၍ လွတ်လပ်သည့်ကုန်သွယ်ရေး စမ်းသပ် ဇုန်များ (Pilot Free Trade Zones –FTZs)အား တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်လှစ်ရေးတို့၏ ရှေးဦးတီထွင်နေရာများအဖြစ်ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

ဆေးဝါးဆိုင်ရာကဏ္ဍတွင် တရုတ်တိုင်းရင်းဆေးဝါးကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တားမြစ်ထားသည့် စီမံဆောင်ရွက်မှုများကို ပယ်ဖျက်ပေးထားပါသည်။ ပညာရေးကဏ္ဍတွင် နိုင်ငံခြားသားအပြည့်အဝပိုင်လုပ်ငန်းများအား အသက်မွေးဝမ်းကျောင်းသင်တန်းများ တည်ထောင်ဖွင့်လှစ်ခွင့်ပြုလိုက်ပြီဖြစ်ပါသည်။ ထိုကဲ့သို့ ထပ်မံဖြေလျှော့ပေးမှုများအပြင် ကန့်သတ်ထားသည့် လုပ်ငန်းစာရင်းအသစ်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနယ်ပယ်ရှိ အခြားဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများဖြင့် ဆက်စပ်ညီညွတ်မှုရှိစေရန်လည်း ပြုလုပ်ထားပါသည်။

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်ဝင်လာခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် တရုတ်–နိုင်ငံခြားသမဝါယမဖက်စပ်လုပ်ငန်းများအပေါ် ကန့်သတ်ထားချက်မှာ လက်ရှိအခြေအနေနှင့် သင့်လျော်မှုမရှိတော့သဖြင့် ယခုစာရင်းအသစ်တွင် ရုပ်သိမ်းထားပြီးဖြစ်ပါသည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရှုမျှော်ခင်းမှာ ပြောင်းလဲနေပါသည်။ လုပ်ခလစာများနှင့် အခြားထုတ်လုပ်မှုကုန်ကျစရိတ်များမြင့်လာခြင်းနှင့်အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက တရုတ်နိုင်ငံ၏ ကြီးမားသည့် ဈေးကွက်အခြေခံရှိကာအဆင့်မြင့် စက်မှုကုန်ထုတ်လုပ်ငန်းများအပေါ်စတင်၍ မျက်စိကျလာကြပါသည်။ ၂၀၂၀ခုနှစ်အတွက် ထုတ်ပြန်ထားသည့် ကန့်သတ်ထားသော ရင်းနှီးမြှုပ်နှံမှုစာရင်းများက ဤရေစီးကြောင်းကို လွယ်ကူချောမွေ့စေရေး ဆောင်ကြဉ်းပေးနိုင်ပါမည်။

တရုတ်နိုင်ငံ၏ ၂၀၂၀ စာရင်းအသစ်မှာ တံခါးပိုမိုဖွင့်ပေးထားသည့် လက္ခဏာများပြသနေပြီး တရုတ်နိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုမြှင့်တင်ပေးနိုင်ကာ၊ နိုင်ငံအတွင်းရှိပြီးဖြစ်သည့် ကုန်စည်ထောက်ပို့သယ်ယူပို့ဆောင်ရေးကွင်းဆက်များကို ဖွဲ့စည်းတည်ဆောက်ပုံပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများ အရှိန်မြှင့်လာခြင်းဖြစ်ပါသည်။

**Source: China-briefing.com** (၂၉-၆-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (နန်နင်း)**

# STOCK EXCHANGE (3.7.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 3rd Jul. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +500 | +4.76% | 10,500 | 11,000 | 10,500 | 1,120 | 11,810,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,750 | -50 | -1.32% | 3,750 | 3,850 | 3,750 | 3,170 | 12,037,450 | 38,929,150 | 145,984 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 1,744 | 39,240,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 91 | 254,800 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 61 | 164,700 | 19,977,223 | 53,939 |


## Market summary

As of 3rd Jul. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 454.33 | +7.81 | +1.75% | 445.21 | 454.33 | 445.21 | 6,186 | 63,506,950 | 6 | 676,017 |

### Index chart




## Market Overview

As of 1:00 pm, 3rd Jul. 2020

| MYANPIX | 454.33 ▲ 7.81 |
|---|---|
| Total Volume (shares) | 6,186 |
| Total Value (MMK) | 64 mil |
| Listed Company | 6 |
| Market Cap. (MMK) | 676,017 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 500 |
| MTSH | 00002 | 3,750 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |